# ကျင့်ဝတ်ကဗျာ ဘယ်ကျမ်းပါ

အရှင်ကေလာသ
ဇန်ဝါရီလ ၇၊ ၂၀၁၆။

---

အရှင်ဘုရား၊
မိဘဝတ် သားသမီးဝတ် ဆရာ့ဝတ် တပည့်ဝတ် အစရှိသည့် လောက ဝတ်များသည် ဘုရားဟော ပါဠိတော်မှာ တိုက်ရိုက် လာပါသလား ဘုရား။ အဖြေကို ပြည့်စုံစွာ ဗဟုသုတ ပွားလို၍ သိပါရစေ ဘုရား။

ရိုသေစွာဖြင့် .. မောင်အိုး

---

**တက်တိုးစာ**

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာကထိက(ငြိမ်း) ဆရာကြီး ဦးစံတင်က သူဆိုရင် စာကိုသာမက စာရေးတဲ့ လူကိုပါ ရွေးပြီး ဖတ်တယ်လို့ ဆိုဖူးပါတယ်။ ဆရာကြီး လေးစားတဲ့ အထဲမှာ လူပုဂ္ဂိုလ် အနေနဲ့ အမျိုးသား ပညာဝန် ဦးဖိုးကျား၊ ဆရာကြီးနဲ့ အသက်အရွယ် အလွန် မကွာနိုင်တဲ့ စာရေးဆရာကြီး တက်တိုးတို့ ပါတယ်။ ဘုန်းကြီး အခု မှူဝေချင်တာက 'ရှင်မဟာသီလဝံသ ရှင်မဟာရဋ္ဌသာရတို့ ကျောင်းက ခွာကြလေပြီ' ဆောင်းပါးခေါင်းစဉ်နဲ့ မြဝတီ (သို့မဟုတ် ငွေတာရီ) မဂ္ဂဇင်းမှာ ၈၈–အရေးအခင်း မတိုင်ခင် ၃–နှစ်လောက်က ဆရာကြီး တက်တိုး ရေးဖူးတာကို အမှတ်ရသွားလို့ပါ။

**ထင်ရမလိုပဲ**

အဲဒီ မတိုင်ခင်က မူလတန်း အလယ်တန်း အထက်တန်း ကျောင်းသင် ခန်းစာတွေမှာ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ စလေ ဦးပုည၊ တောင်ဖီလာဆရာတော်၊ သင်္ဂဇာဆရာတော်၊ လယ်တီဆရာတော်တို့ရဲ့ ဆုံးမစာတွေကို ခပ်စိပ်စိပ် တွေ့ရလေ့ရှိပေမယ့် ထိုဆောင်းပါး ရေးချိန်မှာ မပါသလောက် ဖြစ်သွားတာကို အကြောင်းပြုပြီး ဆရာကြီး ဦးတက်တိုးက မီးမောင်း ထိုးပြခဲ့တာ ဖြစ်ပါတယ်။ ယုတ်စွအဆုံး ဗလာစာအုပ်တွေရဲ့ ကျောမှာ ဖော်ပြလေ့ရှိတဲ့ သင်္ဂါလောဝါဒဆုံးမစာ လင်္ကာ လေးတွေတောင် ပျောက်ကုန်တယ်။ 'ရှေ့ဆောင် နွားလား၊ အကောက် သွားက၊ နောက်နွားတစ်သိုက်၊ အကောက်လိုက်၏'တဲ့။ အသက် ၄၀–လောက် လူငယ်တွေ ကျောင်းစာထဲက ပျောက်သွားတဲ့ အဲဒီ ဆုံးမစာတွေနဲ့ အတော် ဝေးသွားဖွယ် ရှိတယ်လို့ ထင်ရမလိုပဲ။

**သိင်္ဂါလောဝါဒ**

ဒါကြောင့် သင်္ဂဇာဆရာတော် ရေးခဲ့တဲ့ 'သင်္ဂလောဝါဒဆုံးမစာ'ကို ဟံသာဝတီ ဆုံးမစာပေါင်းချုပ်ကျမ်းက ကူးယူ ဖော်ပြလိုက်ပါတယ်။ လိုအပ်နိုင်တဲ့ အဓိပ္ပာယ် အနည်းငယ်ကိုလည်း ထည့်ပေးလိုက်တယ် ..

ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ ပါဠိတော်တော် (ဒီ ၃၊ ၁၅၃)မှာ 'သိင်္ဂါလသုတ်'ဆိုတာ ပါတယ်။ မြတ်စွာဘုရားက သိင်္ဂါလအမည်ရှိတဲ့ လူငယ်ကို ဟောတာ။ ဆုံးမစာထဲက ကျင့်ဝတ်တွေ အားလုံး အဲဒီ သုတ္တန်မှာ

ပါတယ်။ ဒါကြောင့် မိဘဝတ်၊ သားသမီးဝတ် ဆိုတာတွေကို မြတ်ဗုဒ္ဓရဲ့ ရွှေနှုတ်တော်က မြွက်ဟပြီး ဟော ကြားခဲ့တာလို့ မှတ်ပါ။ 'ဝတ်'ဆိုတာကို ဒီနေရာမှာ 'တာဝန်'လို့ နားလည်နိုင်တယ်။

**သားသမီးဝတ်**

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊
ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ။

**မိဘဝတ်**

**မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊**
**ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။**

မြန်မာအင်္ဂလိပ် အဘိဓာန်မှာ 'မြစ်၊ မြစ်ထာ' ဝေါဟာရ နှစ်ခုလုံး ကို ကြိယာအနေနဲ့ 'Prohibit, forbid = တားမြစ်သည်'လို့ အဓိပ္ပာယ် ဖွင့်ပါတယ်။ ဒါကြောင့် 'မြစ်ထာ'ဆိုတာ တားဆီးခြင်း အဓိပ္ပာယ်ရှိတဲ့ ရှေးသုံး စကား ဖြစ်လို့ 'ထဆင်ထူး'နဲ့ ရေးမှ မှန်တယ်။

**တပည့်ဝတ်**

**ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေး အံ့ရွတ်၊ တပည့်ဝတ်၊**
**မချွတ်ငါးခုသာ။**

**ဆရာ့ဝတ်**

**အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်းဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊**
**ကျင့်ဖို့ဝတ်ငါးဖြာ။**

**လင်ဝတ်**

**မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊**
**ငါးအင် လင်ကျင့်ရာ။**

'မထိမဲ့ကင်း'အရ မိမိရဲ့ ဘဝကြင်ဖော်ကို ရိုက်နှက်ဖို့ မဆိုထားနဲ့ မလေးမစားတောင် မလုပ်ရဘူးလို့ မြတ်ဗုဒ္ဓ ဟောတော်မူတယ်။ 'မိန်းမကို ယောက်ျားအဖို့ ဖန်ဆင်းတော်မူ၏'ဆိုတဲ့ အယူအဆမျိုး ရှိနေသူနဲ့ 'မထိမဲ့ကင်း'ဆိုတဲ့ ဗုဒ္ဓအဆုံးအမကို လိုက်နာနေသူ နှစ်ဦးအနက် ဘယ်သူက မိန်းမကို မနှိမ့်ချဘဲ ဆက်ဆံဖို့ ပိုနီးစပ်မလဲ။

**မယားဝတ်**

**အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင် ဖြန့်ချိ၊ ပျင်းရိမမူ၊**
**ဝတ်ငါးဆူ၊ အိမ်သူကျင့် အပ်စွာ။**

**မိတ်ဆွေဝတ်**

**ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက် ချိုသာ၊ သစ္စာမှန်စေ၊**
**ဝတ်ငါးထွေ၊ ကျင့် လေ မိတ်သဟာ။**

ဒီကျင့်ဝတ်ထဲမှာ 'သစ္စာမှန်စေ'ဆိုတာ အရေးကြီးတယ်။ ကတိမတည်၊ သစ္စာမရှိတဲ့ မိတ်ဆွေမျိုးကို မိတ် ကောင်း ဆွေကောင်း အနေနဲ့ ရေရှည် အပေါင်းအသင်း လုပ်ဖို့ မဖြစ်နိုင်ဘူး။

**အလုပ်ရှင်ဝတ်**

**ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊ အခါကို လွှတ်၊**
**အရှင့်ဝတ်၊ ဟောရွတ်ပဥ္စမာ။**

'ဝစွာကျွေးမွေး' = လစာငွေ စားလောက်အောင် ပေးရမယ်။ 'နာလျှင်ကုစေ' = ကျန်းမာရေး အာမခံချက်တွေ ရှိရမယ်။ 'အခါကိုလွှတ်' = သူ့ဆန္ဒနဲ့ အချိန်ပို လုပ်ရင်တောင် ထိုက်သင့်တဲ့ အခကြေးငွေ ပေးရမယ်။ 'အရှင့်ဝတ်' = ပါဠိမှာ အယျိရကလို့ ရှိတယ်။ တိပိဋကပါဠိ မြန်မာအဘိဓာန်မှာ 'အရှင်၊ သခင်'လို့ ပြန်တယ်။ ဒါကြောင့် 'အလုပ်ရှင်'လို့လည်း အဓိပ္ပာယ် ယူခွင့်ရှိတယ်။

**အလုပ်သမားဝတ်**

**အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊**
**ငါးချက် ကျွန် ကျင့်ရာ။**

'အိပ်သော် နောက်ကျ၊ ထသော်ကားရှေး' = အချိန်မှန် အလုပ်ကို လာရမယ်။ 'ပေးမှ ယူအပ်' = အလုပ်ရှင်ရဲ့ ပစ္စည်းကို မခိုးနဲ့။ 'စေ့စပ် ဆောင်ရွက်' = အလုပ်ကို ကောင်းကောင်း လုပ်။ 'ကျေးဇူးမြွက်' = ကိုယ့်မိသားစုကို ထမင်းကျွေးတဲ့ ကိုယ့်အလုပ်နဲ့ အလုပ်ရှင်ကို ကျေးဇူးသိရမယ်။ 'ကျွန်'ဆိုတာကို ခေတ်နဲ့ညီအောင် 'အလုပ်သမား'လို့ နားလည်ရင် သင့်တယ်။ ပြည်သူက တာဝန်ပေးလို့ နိုင်ငံတော် သမ္မတ အနေနဲ့ ပြည်သူ့ အလုပ်ကို လုပ်ရင် 'ပြည်သူ့ကျွန်'ပါပဲ။

**ဒကာဝတ်**

**မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား တတ်အားလှူစေ၊**
**ငါးခုနေ၊ ပြုလေ ဒါယကာ။**

**ရဟန်းဝတ်**

**မကောင်းမြစ်ထာ၊ ကောင်းရာကိုလှစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊**
**နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ။**

'ခြောက်ခု လွန်သေချာ' = ရဟန်းက ဒကာတွေအပေါ် ကျင့်ရမယ့် တာဝန်က ဒကာ့ တာဝန်ထက် တစ်ပါး ပိုတယ်။

**ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးလောကဆရာ။**
**ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေ ရှည်မြင့်ကြာ။**
**ဤသည့်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံ ထက်နတ်ရွာ။** □